# Advocacy and Training on Managed Cash Flow Standard Operating Procedures (SOPs) for Regional/State Health Directors, Regional Officers, Team Leaders and Township Medical Officers and financial clerks

## ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားမည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေး၏ အဖွင့်မိန့်ခွန်း

(၁၁-၃-၂၀၁၅, ၁၃-၃-၂၀၁၅, ၁၆-၃-၂၀၁၅, ၁၈-၃-၂၀၁၅, ၂၀-၃-၂၀၁၅, ၂၃-၃-၂၀၁၅, ၂၅-၃-၂၀၁၅, ၂၇-၃-၂၀၁၅, ၃၀-၃-၂၀၁၅)

ရွှေပြည်တော်ဟိုတယ်၊ နေပြည်တော်

ယနေ့ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန နှင့် ကမ္ဘာ့ရန်ပုံငွေ၏ Principal Recipient – UNOPS တို့ ပူးပေါင်းကျင်းပတဲ့ "Advocacy and Training on Managed Cash Flow Standard Operating Procedures (SOPs)" ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ ခရိုင်/မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးများ၊ UNOPS မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းဆရာများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ လို့ ဆုတောင်းအပ်ပါတယ်။

ခရိုင်/မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးတွေဟာ တစ်နိုင်ငံလုံးရှိ ပြည်သူလူထုအား အဓိက ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူများ ဖြစ်ကြ

ပါတယ်။ ခရိုင်/မြို့နယ်အဆင့်မှာ စီမံခန့်ခွဲမှုနှင့် ပတ်သက်တဲ့ ယခုလို သင်တန်းများကို ကမ္ဘာ့ရန်ပုံငွေဖြင့် ဆရာ/ဆရာမတို့အတွက် ကျင်းပပေး နိုင်တာ များစွာ အကျိုးရှိပါတယ်။

မြန်မာနိုင်ငံမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားတိုးတက် ရေးတို့အတွက် တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေး ဝန်ကြီးဌာနသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မား ရေးအတွက် အမျိုးသားကျန်းမာရေးမူဝါဒများကို ချမှတ် အကောင်အထည် ဖော်လျက်ရှိရာ တတိယအဆင့် အရှိန်မြှင့်တင်မှု အုပ်ချုပ်ရေးကဏ္ဍ ပြုပြင် ပြောင်းလဲရေးလုပ်ငန်းစဥ်များတွင်လည်း နိုင်ငံတော်၏ ကျန်းမာရေးစောင့် ရှောက်မှုအဆင့်အတန်း မြင့်မားလာစေရန် ကျန်းမာရေးကဏ္ဍပြုပြင် ပြောင်းလဲမှုများကို အချိန်နှင့်တပြေးညီ အကောင်အထည်ဖော် ဆောင်ရွက် လျက် ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးစောင့် ရှောက်မှု လူတိုင်းလက်လှမ်းမီလွှမ်းခြုံရေး Universal Health Coverage (UHC) ရရှိရေး နှင့် ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုဌာနများကို အရေအတွက်သာမက အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အတွက် နိုင်ငံတော်ဘဏ္ဍာငွေမှ ကျန်းမာရေး အသုံးစရိတ် နှစ်စဥ် တိုးမြှင့်ချထားပေးခဲ့ပြီး (၂၀၁၄-၂၀၁၅) ဘဏ္ဍာနှစ် အတွက် ၇၀၉ ဘီလီယံကျပ် ကို သတ်မှတ်ချထားပေးခဲ့ပါတယ်။

ကျန်းမာရေးစနစ်တွင် ကျန်းမာရေးစောင့်ရှောက်မှု ရလဒ်များ တိုးတက် ကောင်းမွန်စေခြင်း၊ စီးပွားရေးဆိုင်ရာ လုံခြုံမှုရရှိစေခြင်း၊ သုံးစွဲသူများ၏ စိတ်ကျေနပ်အောင် ဆောင်ရွက်ခြင်း (Customer satisfaction) စသည်

တို့ကို အားဖြည့်မြှင့်တင်၍ တန်းတူညီမျှသော ကျန်းမာရေးစောင့်ရှောက်မှုကို လူတိုင်း လက်လှမ်းမီလွှမ်းခြုံရေးကို ၂၀၃၀ခုနှစ်တွင်ရရှိရန် ရည်မှန်းထားပါတယ်။ ဒါ့အတွက် Strategic areas (၉)ခုကို ချမှတ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်သူများ၏ Out of Pocket Expenditure (OOP)ကို တတ်နိုင်သမျှ လျော့နည်းအသုံးနိုင်ရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေမှ ကျန်းမာရေးအသုံးစရိတ်ကို တိုးမြှင့်အသုံးပြုခဲ့ရာ (၂၀၁၁)ခုနှစ်တွင် (OOP) ၈၀% ရှိခဲ့ရာမှ (၂၀၁၄)ခုနှစ်တွင် (၆၀%)အောက်သို့ လျော့ချနိုင်ခဲ့ပါတယ်။ နိုင်ငံတော်ဘဏ္ဍာငွေများကို ငွေလုံးငွေရင်းအသုံးစရိတ်၊ သာမန်အသုံးစရိတ် စသဖြင့် ခွဲဝေသုံးစွဲသွားရာမှာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းစစ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲသွားရမှာ ဖြစ်လို့ လူတိုင်း အသေးစိတ် လေ့လာတတ်ကျွမ်းဖို့ လိုအပ်ပါတယ်။

ကျန်းမာရေးစနစ်တိုးတက်ရန် ဆိုရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသော 6 Building Blocks for Health System Framework ကို တစ်ခုချင်းစီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။ (၂၀၁၅-၂၀၁၆)ခုနှစ်များဟာ (၂၀၁၇)ခုနှစ်မှာ မိမိဌာနက ကမ္ဘာ့ရန်ပုံငွေရဲ့ Principal Recipient (PR) ဖြစ်ရန် ပြင်ဆင်နေချိန်ဖြစ်လို့ Programme Management, Procurement and Supply chain management, Financial Management နှင့် Information management အစရှိသော စီမံခန့်ခွဲမှုများကို ကျန်းမာရေးဝန်ထမ်းများ

အနေဖြင့် နိုင်ငံတကာစံများနှင့် အညီ ကျွမ်းကျင်စွာ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်မှ တစ်နှစ်ထက်တစ်နှစ် ရန်ပုံငွေချထားမှု တိုးမြှင့်လာသကဲ့သို့ ပြည်ပအကူအညီဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ရန်ပုံငွေများလည်း တိုးမြှင့်ရရှိလာပါတယ်။ Global Fund, New Funding Model အထောက်အပံ့ဖြင့် အမေရိကန်ဒေါ်လာ (၃၅၄)သန်းခန့်ရရှိပြီး အိပ်ချ်အိုင်ဗွီ၊ တီဘီ၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကို (၂၀၁၃-၂၀၁၆)အထိ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးလုပ်ငန်းများအပြင် မိခင်နှင့် ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ Health System Strengthening လုပ်ငန်းများအတွက် 3MDG ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ သန်း(၃၀၀)ခန့် ထည့်ဝင် ဖြည့်ဆည်း ဆောင်ရွက်လျက်ရှိပါတယ်။ 3MDG ရန်ပုံငွေဖြင့် အရန်သားဖွားများကို မြို့နယ် (၁၇၃)မြို့နယ်တွင် မွေးထုတ်လျက်ရှိပြီး၊ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများကိုလည်း လိုအပ်သလိုဆောက်လုပ်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းလွှမ်းခြုံမှုတိုးတက်လာရန် ကျန်းမာရေးစနစ်ဖွံ့ဖြိုးရေးကို GAVI အထောက်အပံ့ဖြင့်လည်း ဆောင်ရွက်လျက်ရှိရာ၊ လက်ရှိ GAVI fund flow စနစ်ကိုလည်း အချို့ TMO များ အတွေ့အကြုံရှိပြီး ဖြစ်ကြပါတယ်။

ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ရရှိသော ပြည်ပရန်ပုံငွေများဖြစ်တာကြောင့် ၎င်းတို့ရဲ့ရန်ပုံငွေစီမံခန့်ခွဲမှုဟာ မိမိဌာနရဲ့ ဘတ်ဂျက်စီမံခန့်ခွဲမှု rule and regulation များနှင့် ကွက်တိ ကိုက်ညီမှု

မရှိခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနငွေစာရင်းသို့ ရန်ပုံငွေများကို တိုက်ရိုက်ပေးသွင်းဝင်ရောက်ခြင်း မရှိပဲ ကြားခံအဖွဲ့အစည်းများဖြစ်တဲ့ UN Agencies, INGOs များမှတဆင့် indirectly တဆင့်ခံ ပေးခြင်း၊ လုပ်ငန်းဆောင်ရွက်ရန်ကြိုတင် စိုက်သုံးထားပြီး ပြန်တောင်းခံရတဲ့ Reimbursement စနစ်များ ပါဝင်နေခြင်း တို့ကို တွေ့ရှိရပါတယ်။

ကြားခံအဖွဲ့အစည်းတွေက မိမိကိုယ်စား ရန်ပုံငွေရရှိစီမံခန့်ခွဲပြီး မိမိဌာနများ နှင့် ပူးပေါင်းဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ မိမိဌာနနှင့် သဘောတူ ရေးထိုးထားသော MOU သို့မဟုတ် Contract ဘောင်အတွင်းကသာ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ယခုနှစ်မှာ ကမ္ဘာ့ဘဏ်မှ Phase I ချေးငွေ အမေရိကန်ဒေါ်လာ (၁၀၀)သန်းဖြင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ထိုချေးငွေသည် မိမိဝန်ကြီးဌာန၏ငွေစာရင်းသို့ တိုက်ရိုက်ဝင်ရောက်ပြီး ကျန်းမာရေးဌာနအဆင့်ဆင့်သို့ ခွဲဝေသုံးစွဲရမှာဖြစ်လို့ ထိရောက်စွာ စီမံခန့်ခွဲအသုံးပြုနိုင်ရန်၊ စာရင်းဇယားတိကျမှန်ကန်စေရန်၊ SOP လိုက်နာရန် အရေးကြီးသလို အဓိက ရည်မှန်းချက်ကို ပြည့်မီရန်လည်း အရေးကြီးပါတယ်။

ရှေ့လုပ်ငန်းစဉ်အနေနှင့် (၂၀)လ အချိန်အတွင်း Principal Recipient (PR)အနေနှင့် ဆောင်ရွက်နိုင်ရန် မိမိဌာနမှာ health system strengthening လုပ်ကြရမှာဖြစ်ပြီး ယခုရှိနေတဲ့ ရန်ပုံငွေအမျိုးမျိုး၊ စီမံကိန်းအမျိုးမျိုး၊ ဝယ်ယူရေးစနစ်အမျိုးမျိုးတို့ကို စနစ်တစ်ရပ်တည်းအဖြစ် ပေါင်းစပ်နိုင်ရန် one costed plan, one integrated management

system ဖြင့် ဆောင်ရွက်နိုင်အောင် ပြင်ဆင်ရမဲ့အချိန်လည်း ဖြစ်ပါတယ်။ မိမိတို့ရဲ့ အခြေခံအုတ်မြစ် ခိုင်မာစွာ တည်ဆောက်ပြီးရင်တော့ ဘယ် funding source ကလာလာ ဒီmechanism အတိုင်း ဆက်လက် ဆောင်ရွက်သွားရင် အားလုံးအတွက် လွယ်ကူသွားမှာ ဖြစ်ပါတယ်။

ယခုသင်တန်းကလည်း Global Fundမှ မြန်မာနိုင်ငံ၏ အိပ်ချ်အိုင်ဗွီ၊ တီဘီ၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက် ရရှိသော ရန်ပုံငွေဖြင့် စီမံကိန်း လုပ်ငန်းများ အဆင့်တိုင်း၌ အကောင်အထည်ဖော်ရာတွင် ကျန်းမာရေးဦးစီး ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် PR – UNOPS တို့ ပူးပေါင်း အတည်ပြု ထားတဲ့ Managed Cash Flow SOP ကို မိမိဦးစီးဌာန၏ ဘတ်ဂျက်စီမံခန့်ခွဲမှု စနစ်နှင့် ထင်ဟပ်၍ တင်ပြသွားမှာ ဖြစ်ကြောင်း သိရှိရ ပါသည်။ ဤသင်တန်းရဲ့ ရည်ရွယ်ချက်ကတော့ မြို့နယ်အဆင့်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ကျန်းမာရေးဝန်ကြီးဌာန၏ မူဘောင် အတွင်းမှ မြို့နယ်အဆင့် လုပ်ငန်းအားလုံးလွှမ်းခြုံသောစီမံချက် ရေးဆွဲ၍ Bottom up approach ဖြင့် ဘဏ္ဍာငွေတင်ပြတောင်းခံခြင်း၊ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်၍ စည်းမျဉ်းစည်းကမ်း အရ ဘဏ္ဍာငွေသုံးစွဲခြင်း၊ အဆင့်ဆင့်စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း နှင့် အစီရင်ခံခြင်းများကို ဆွေးနွေးမှာ ဖြစ်ကြောင်း သိရှိရပါတယ်။

TMO တွေအားလုံး သိရှိလိုက်နာဆောင်ရွက်ရမဲ့ SOPပါ အချက် အလက်များကို ရောဂါနှိမ်နင်းရေးဌာနခွဲ၊ အိပ်ချ်အိုင်ဗွီ၊ တီဘီ၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံကိန်းများ နှင့် ကျန်းမာရေးဦးစီးဌာန၊ဘဏ္ဍာရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ UNOPS, Fund flow unit မှ တာဝန်ရှိပုဂ္ဂိုလ်များက

ဆွေးနွေးသွားကြမှာ ဖြစ်ပါတယ်။ မြို့နယ်များ မှ အတွေ့အကြုံများနှင့် ယှဉ်ပြီး မေးမြန်းဆွေးနွေးကြဖို့လည်း လိုအပ်ပါတယ်။ ယခု SOP ဟာ တိုင်းဒေသကြီး/ ပြည်နယ် အဆင့်ထိ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ခွင့်များ ပေးပြီး decentralize လုပ်ထားပြီး ဖြစ်တဲ့အပြင် advanced money သုံးစွဲနိုင်ရေးအတွက်လည်း အသိပေးလိုကြောင်း သိရှိရပါတယ်။

ဒုတိယအကြိမ်ပေးသော သင်တန်းဖြစ်လို့ ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှု အရည်အသွေးမြှင့်တင်နိုင်ပြီး မိမိက fund owner ဖြစ်တာနှင့်အညီ မိမိ၏ ရံပုံငွေကို စနစ်တကျ သုံးစွဲကြရန်၊ SOP များကို တိကျစွာ လိုက်နာကြရန် မှာကြားလိုပါတယ်။

TMO များအနေနဲ့ မိမိမြို့နယ်မှာ ပူးပေါင်းပါဝင် ဆောင်ရွက်နေကြသော မိတ်ဖက်အဖွဲ့အစည်းများနဲ့ သူတို့ရဲ့ဆောင်ရွက်မှု၊ အစီရင်ခံစာများ ရရှိပြီး ပေါင်းစပ်ညှိနှိုင်းပေးရန် လိုအပ်ပါတယ်။ လုပ်ငန်းဆောင်ရွက်မှုတွေဟာ transparent နှင့် accountable ဖြစ်ရန် လိုအပ်ပါတယ်။ Effective and efficient ဖြစ်ရပါမယ်။ ဒါဟာ နိုင်ငံတော်သမ္မတကြီးရဲ့ မိန့်ကြားချက်ဖြစ်တဲ့ Good governance and clean government ဖြစ်ရန်အတွက် အလွန် အရေးကြီးပါတယ်။

ထည့်ဝင်ထားသော ရန်ပုံငွေတွေရဲ့ ဆောင်ရွက်မှုရလဒ်ကို အလှူရှင်များက performance based indicators များနှင့် တိုင်းတာရန် target များ လျာထားပြီး ဆန်းစစ်သုံးသပ်ခြင်းဖြစ်တာကြောင့် ပြည့်မီရေးအတွက် စည်းကမ်းဘောင်အတွင်းက အားလုံးပူးပေါင်း ဆောင်ရွက်ကြဖို့ တိုက်တွန်း

မှာကြားလိုပါတယ်။ ဒါမှသာ ထောင်စုနှစ် ရည်မှန်းချက်ပြည့်မီရေးကို အထောက်အကူပြုမည် ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ အိပ်ချ်အိုင်ဗွီ၊ တီဘီ၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေး စီမံကိန်းများမှ ရရှိထားတဲ့ ကောင်းမွန်သောရလဒ်တွေကို ထိန်းသိမ်းပြီး တိုးတက်သည်ထက် တိုးတက်အောင် စေတနာ ရှေ့ထားပြီး ဆက်လက် ဆောင်ရွက်ကြပါ။ တိုင်းဒေသကြီး/ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးများမှ အဆင့်ဆင့်ကြီးကြပ် ဆောင်ရွက်သွားကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ် ပါတယ်။ ရန်ပုံငွေရရှိအောင်ဆောင်ရွက်ပေးသော PR-UNOPS ကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။